စိတ်ကူးချိုချိုအနုပညာ

# အပျော်တမ်း မျက်လှည့်ပြနည်း



ချန်ပီယံတင်ညွန့် ပြုစုသည်။





ဒုတိယအကြိမ်

# အပျော်တမ်းမျက်လှည့်ပြနည်း

ချန်ပီယံတောင်ညွှန့်ပြုစုသည်။



LLT0006
1,800.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ စက်တင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၈၀၀ ကျပ်

၈၀၈.၈၃
အပျော်တမ်းမျက်လှည့်ပြုနည်း
ချန်ပီယံတင်ညွန့်၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၁၇၉၊ မျက်နှာ၊ ၁၂.၅ စင်တီ x ၁၈.၅ စင်တီ
(၁) အပျော်တမ်းမျက်လှည့်ပြုနည်း

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အပျော်တမ်း မျက်လှည့်ပြနည်း

ချန်ပီယံတင်ညွန့်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | မျက်လှည့်ပညာဟူသည် | ၁ |
| (၁) | (က) အဆင့်ပညာရပ်များကို ဥပမာတင်ပြခြင်း | ၅ |
| (၂) | ထူးဆန်းသော ဣစ္ဆာသယကွင်းကလေး | ၈ |
| (၃) | ထူးဆန်းသော ဂုံညင်းစေ့ | ၁၀ |
| (၄) | စီးကရက် သို့မဟုတ် အမိန့်နာခံသော တုတ်ချောင်းကလေး | ၁၁ |
| (၅) | လိုတရပန်းကန် | ၁၃ |
| (၆) | ခဲတံချောင်းကို ငွေစက္ကူဖြင့် ရိုက်ချိုးပြနည်း | ၁၅ |
| (၇) | စားပွဲခုံ မ,ပြခြင်း | ၁၇ |
| (၈) | ထူးဆန်းသော စိတ်ပညာပြကွက် (က) အမျိုးအစား | ၂၀ |
| (၉) | အင်္ကျီချိတ်ဖြင့် မျက်လှည့်ပြနည်း | ၂၃ |
| (၁၀) | မီးချစ်ဘူးဖြင့် မျက်လှည့်ပြနည်း | ၂၆ |
| (၁၁) | စီးကရက်လေထဲမှ ခေါ်ယူပြခြင်း | ၃၀ |
| (၁၂) | ငွေစက္ကူမီးရှို့ပြခြင်း | ၃၃ |


mgyoe.com

mgyoe.com


(၁၃) ငွေဒင်္ဂါးများဖြင့် မျက်လှည့်ပြနည်း ၃၆

(၁၄) လေထဲမှ ကြက်ဥများ ခေါ်ယူပြခြင်း ၃၈

(၁၅) သိပ္ပံအရုပ်ကလေး ၄၁

(၁၆) ကြိုးမျက်လှည့် ၄၃

(၁၇) ကြိုးဖြတ်မျက်လှည့် ၄၆

(၁၈) လက်ကိုင်ပဝါ အရောင်ပြောင်းပြခြင်း ၄၉

(၁၉) အန်စာမျက်လှည့် ၅၆

(၂၀) ထီးကို ညှို့ယူပြခြင်း ၆၁

(၂၁) လက်ကိုင်ပဝါ လှည့်စားနည်း ၆၄

(၂၂) ကြိုးချည်ကြိုးဖြတ်ပြကွက် ၆၇

(၂၃) မျက်စိလှည့်သော တုတ်ကလေး ၆၈

(၂၄) ထူးဆန်းသောဝိစိ ၇၀

(၂၅) ဦးထုပ်ဖြင့် ပစ္စည်းထုတ်ပြနည်း ၇၃

(က) ကြက်ဥမှန်ပေါ်ထောင်နည်း ၇၅

(ခ) ထူထဲသောစာအုပ်ကိုလက်နှင့်ဆွဲဆုတ်ပြခြင်း ၇၅

(ဂ) သဲမှုန့်ရေမစိုစေခြင်း ၇၅

(၂၆) ဖန်ခွက်ဆပ်ကပ် ၇၆

(၂၇) ထိုင်ခုံပေါ်မှ မိန်းမပျိုပျောက်ကွယ်သွားခြင်း ၇၇

(၂၈) ပန်းအိုးမယ် ၈၂

(၂၉) ခေါင်းပြတ်မယ် ၈၆

(၃၀) ကိုယ်ချိတ်ပညာရပ်များ ၉၁

(၃၁) စားပွဲခုံဖြင့် လူဖျောက်ပြနည်း ၉၄


mgyoe.com

mgyoe.com


| | | |
|---|---|---|
| (၃၂) | လှောင်အိမ်ဖြင့် လေထဲမှငှက်သတ္တဝါခေါ်ယူပြခြင်း | ၁၀၀ |
| (၃၃) | ခြင်းလုံးတိုင်တတ် | ၁၀၃ |
| (၃၄) | ဖဲတက်မျက်လှည့် | ၁၀၈ |
| (၃၅) | ကြိုးချည်ကြိုးဖြုတ်နည်း | ၁၁၁ |
| (၃၆) | ခိုထွက်မျက်လှည့် | ၁၁၄ |
| (၃၇) | ဖဲတက်ဒုတိယနည်း | ၁၁၈ |
| (၃၈) | ပရိသတ်မြင်ကွင်း | ၁၂၁ |
| (၃၉) | မျက်စေ့မှိတ်စာဖတ်ပြနည်း | ၁၂၈ |
| (၄၀) | အမိန့်နာခံသော ဖဲချပ်နှင့်ကြက်ဥများ | ၁၃၁ |
| (၄၁) | မျက်စိမှိတ်စာဖတ်နည်းစိတ်ပညာပြကွက်(၂) | ၁၃၄ |
| (၄၂) | ဦးရွှေရိုးရုပ်ကပြခြင်း | ၁၃၇ |
| – | မျက်လှည့်ဘုံမှ ရင်ခုန်စရာများ | ၁၄၁ |
| – | ဖရန်စစ်ပိုက် | ၁၄၇ |
| – | ဆင်စေချောင်း | ၁၅၀ |
| – | ဟူဒနီ | ၁၅၂ |
| – | လက်ကိုင်ပဝါမီးရှို့စဉ်က ရင်ခုန်စရာများ | ၁၅၅ |
| – | ခြေပြတ်လက်ပြတ် ရင်တလှပ်လှပ် | ၁၆၃ |
| – | လျှာဖြတ်သူကြောင့် ရင်ခုန်စရာ | ၁၆၈ |
| – | ရခိုင်ပြည်မှ ရင်ခုန်စရာ | ၁၇၀ |


mgyoe.com

mgyoe.com

## မှီငြမ်းသော စာအုပ်များ

1. Magic for all.
2. Wizard.
3. Tricks anyone can do.
4. Magic coin Tricks.
5. Tricks and illusions.
6. Card sharpers.
7. Conjuring.
8. မျက်လှည့်ဘုံမှ ရင်ခုန်စရာများ
9. ပလက်ဖောင်းပေါ်မှ လူလိမ်များ
10. Magician's hand book.
11. Secrets of magic.
12. Easy card magic.
13. Magic for everybody.

mgyoe.com

mgyoe.com

# မျက်လှည့်ပညာဟူသည်

'မသိခင် ရွှေတစ်ဆုပ် သိသွားသော် ဖွဲတစ်ဆုပ်' ဟူသကဲ့သို့ သို့ဝှက်ခြင်းနှင့် ရင်းစားရသော အနုပညာတစ်ရပ် ဖြစ်လေသည်။

မျက်လှည့်ပညာပိုင်းတွင် 'ကြေးစား' ၊'အပျော်တမ်း' ဟူ၍ အမျိုးအစား နှစ်ပိုင်းကွဲခြားသလို 'စင်ပြ' ၊'မြေဝိုင်း'၊ 'ရွက်ထည်ရုံ' ဟူ၍ အဆင့်အတန်းအားဖြင့်လည်း ခြားနားစွာတည်ရှိခဲ့လေသည်။

မျက်လှည့်ဝါသနာရှင် အပေါင်းတို့သည် တစ်စုံတစ်ယောက်သော မျက်လှည့်အကွက်ဆန်းကလေးတစ်ကွက်ကို မြင်တွေ့ရာမှ တဖြည်းဖြည်း ကူးစက်လာတတ်သော (ဝါ) လိုလိုချင်ချင် တတ်မြောက်လိုသော (ဝါ) မိမိကိုယ်တိုင် ဆရာဖြစ်ပြလိုသော မျက်လှည့် ဝါသနာရှင်များသာ ဖြစ်သည်။

အနုစိတ်ဆန်လှသော ယိုးဒယား ၁၂ ခန်း အကပညာကဲ့သို့ အသေးစိတ် အခြေခံပိုင်းမှစ၍ ခက်ခဲနက်နဲလှသော ပညာတစ်ရပ်သည် ဤ'မျက်လှည့်'သာလျှင် ဖြစ်လေသည်။

mgyoe.com

mgyoe.com


မျက်လှည့်ဆရာတစ်ဦးအဖြစ် အောင်မြင်မှုကို ရယူလိုသော ဝါသနာရှင်တို့သည် အခြေခံသဘောတရားနှင့် ပြုကျင့်ထိုက်သော စည်းကမ်းတို့ကို အထူးဂရုပြုရသကဲ့သို့ လူ့စွမ်းအားနှင့် ထုတ်လုပ်သော မျက်လှည့်ပညာဟူသမျှတို့ကို ပြည်သူတို့အား ဖြန့်ချိရာ၌ အဓိပ္ပာယ်မရှိသော လူ့ဘဝနှင့်လားလားမျှ မအပ်စပ်သော အရိုးခေါင်းခွံကို ခေါက်ပြခြင်းဖြင့် မြတ်နိုးဖွယ်ရာ မျက်လှည့်ပညာတို့ကို မစော်ကားမိစေရန် နံပါတ်တစ် အရေးကြီး၏။

## မျက်လှည့်အစ လက်လှည့်က

မျက်လှည့်ပညာကို တကယ်လိုက်စားတော့မည်ဟု ဆိုလျှင် ဦးစွာပထမ မျက်လှည့်ဆရာ၏ (က) အဆင့်ကို လေ့ကျင့်ရပါမည်။ လိုက်နာပါမည်ဆိုလျှင် လက်လှည့် (ဝါ) လက်၏ကျွမ်းကျင်မှု (ဝါ) လျင်မြန်ဖြတ်လတ်မှုတို့ကို ဦးစွာအထူးဂရုပြုရပေမည်။

(က) အဆင့်ဖြစ်သော လက်လှည့်ပညာကို ပိုင်နိုင်စွာ ကျင့်သုံးပြီးသည်နှင့် (ခ) အဆင့်ဖြစ်သော အနေအထား၊ ဟန်ပန် အယူအဆ၊ အထားအသို၊ လှည့်ကွက်၊ မြှုပ်ကွက်၊ စကားအရာမှအစ အကဲခတ်ပညာတို့ကို တစ်ဆင့်တက်၍ လေ့လာရပါမည်။

(ဂ) အဆင့်တက်၍ ပညာသင်ချိန်ရောက်လျှင် သင်သည် အပျော်တမ်း မျက်လှည့်ဆရာတစ်ဦးအဖြစ် ရဲရဲဝံ့ဝံ့ ကြေညာနိုင်ပေမည်။ (ဂ) အဆင့်တွင် စာအုပ်စာတမ်းဖြင့်လည်းကောင်း အတွေ့အကြုံဖြင့်လည်းကောင်း၊ လေ့လာမှုများ၊ မိမိကိုယ်ပိုင်

mgyoe.com

mgyoe.com


ဉာဏ်ဖြင့် စမ်းသပ်တီထွင်မှုများ၊ အမှားအမှန် ဝေဖန်မှုများ၊ ပရိသတ်ဘက်မှ အပြန်ပြန်အလှန်လှန် သုံးသပ်မှုများ စသည်တို့ ပါဝင်လေသည်။

(ဃ) အဆင့်၌မူ လောကဓာတ် သိပ္ပံပညာရပ်များ၊ စိတ်ကူးသစ်၊ ဉာဏ်ရည်သစ်များ၊ နည်းသစ်များကို ကြိုးစားတီထွင်ခြင်း၊ တပည့်တပန်းမပါဝင်စေဘဲ (ဝါ) မရှိသော်၊ ရှိသော် နှစ်ဖက်နှစ်လမ်း မရမက ပြတတ်မှုများနှင့် အထူးသဖြင့် လူထုပရိသတ်၏ အထာကို အကြိမ်ကြိမ် စမ်းသပ်လေ့လာမှုများ ပါဝင်လေသည်။

(င) အဆင့်သည် စိတ်ပညာ လူမှုရေးပညာ စမ်းသပ်တီထွင်မှု၊ စွန့်စားတီထွင်မှု၊ အရဲစွန့်မှု၊ တိုင်းပြည်နှင့်လူမျိုးကို သိမှု၊ ဘာသာစုံစကား (စာ) တတ်မြောက်မှု၊ မိမိမြတ်နိုးသော မျက်လှည့်ပညာဖြင့် အဆုံးစွန်သော သရုပ်ဆောင်နိုင်ရန် အရေးထားဆုံးသော ကြီးကျယ်လှသည့် အစိတ်အပိုင်းများ ပါဝင်လေသည်။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## လေ့ကျင့်ခန်း(၁)

### (က) အဆင့်ပညာရပ်များကို ဥပမာတင်ပြခြင်း

လက်လှည့်ပညာရပ်များကို လေ့ကျင့်ရာ၌ အသုံးအဝင်ဆုံးနှင့် လိုအပ်သော ပစ္စည်းများမှာ ဒင်္ဂါးစေ့၊ အပ်ထောက်၊ ဦးထုပ်၊ ပိန်ပေါင်၊ စီးကရက်၊ ဖဲထုပ်၊ စက္ကူ၊ ဘူး၊ ခွက်၊ ပန်းကန်၊ မီးချစ်၊ ကြိုး၊ ဓား၊ ဖယောင်းတိုင် စသည့်တို့ဖြစ်လေသည်။


နံပါတ်–၁ အစီအစဉ်အရ သင်သည် လက်ဝါး၏ ပိရိမှုနှင့် လျှို့ဝှက်မှုကို လေ့ကျင့်ရပါမည်။ ဥပမာအားဖြင့် သင်၏လက်ဝါး (ယာလက်ဖြစ်စေ၊ ဝဲလက်ဖြစ်စေ၊ လက်နှစ်ဖက်စလုံး ကျင်လည်မှုရှိပါက ပို၍ကောင်း၏) အလယ်တွင် အထက်၌ဖော်ပြပါပစ္စည်းများကို လူမမြင်အောင် ဖျောက်ကွယ်ဖို့ လေ့ကျင့်ရပါမည်။ ထိုသို့လေ့ကျင့်ရာ၌ လက်ဝါးအတွင်းမှ အခြားတစ်နေရာသို့ ရောက်ရှိသွားသောနည်းကို မကြိုးစားပါနှင့်။ ဖြစ်ရမည်မှာ ဘေးတွင် ဖော်ပြပါပုံစံများအတိုင်း ဂရုစိုက်ရပါမည်။ ပုံ (၁–၂–၃) ကို ကြည့်ပါ။

ဒင်္ဂါးစေ့မှအစ ကွမ်းသီးခြမ်းအဆုံး မိမိကြိုက်နှစ်သက်ရာ တစ်စုံတစ်ခုကို ပုံ (၁) အတိုင်း လက်ဝါးတွင် လျှို့ဝှက်စွာ ထားရမည်။

mgyoe.com

mgyoe.com






ပုံ - ၃




ပုံ - ၁



ပုံ - ၂




ပုံ - ၄



ပုံ - ၅



ပုံ - ၇



ပုံ - ၆

mgyoe.com

mgyoe.com



တစ်နည်းအားဖြင့် လက်ဖမိုးသားချင်း ဒင်္ဂါးစေ့ကို ညှပ်ထားသည့်အသွင်ရှိရမည်။ ထိုမှတစ်ဆင့် တစ်စေ့မှ နှစ်စေ့၊ သုံးစေ့စသည်ဖြင့် တစ်ဆင့်တစ်ဆင့်တက်၍ လေ့ကျင့်ရပါမည်။ အကယ်၍ ဒင်္ဂါးစေ့သည် လက်ဝါး၌မမြဲဟုဆိုပါက လက်ဆီများထွက်နေခြင်းကြောင့်သာဖြစ်၍ လက်ဝါးတွင် မြေဖြူမှုန့်မှအစ ဖုန်သဲ'များအထိ လွယ်လင့်တကူ သုတ်လိမ်းလိုက်ပါ။ ဒုတိယနည်းမှာ ပုံ (၁) အတိုင်း လက်ညှိုး သို့မဟုတ် လက်ခလယ် (ဝါ) လက်ချောင်းချင်းညှပ်၍ ဒင်္ဂါးစေ့ကို သိုဝှက်နည်းအဖြစ် လေ့ကျင့်နိုင်ပါမည်။

ပုံ (၄) တွင်ပါသော စီးကရက်ဖျောက်နည်းမှာ–

လက်ညှိုးနှင့် လက်ခလယ်ကြားတွင် ညှပ်လျက်ရှိသော စီးကရက်ကို လက်မနှင့်လက်ညှိုးကြားအရင်းတွင် ထိုးစိုက်ညှပ်သွင်းနည်းဖြင့် လေ့ကျင့်ရပါမည်။ ထိုနည်းကို လေ့ကျင့်သည့်အခါ မှန်ရှေ့တွင် လေ့ကျင့်ခြင်းဖြင့် ပိုမို၍မှန်ကန်အောင်မြင်နိုင်ပါသည်။ ထိုနည်းနှင့်ခပ်ဆင်ဆင် အပ်ထောက်ဖျောက်နည်းမှာလည်း ပုံ (၅)၊ ပုံ (၆) အတိုင်း လေ့ကျင့်ရပါမည်။ ဤနည်းပြကွက်ကို ပိုမိုသဘောပေါက်စေရန် သင်သည် သာမန်မျက်လှည့်ပွဲများတွင် ဝင်ရောက် အကဲခတ်စေလိုပါသည်။

ဤကား မျက်လှည့်ပညာ၏ လေ့ကျင့်မှု ဥပမာပေး ဖြစ်ပါသည်။

❖

mgyoe.com

mgyoe.com

## လေ့ကျင့်ခန်း (၂)

### ထူးဆန်းသော ဣစ္ဆာသယကွင်းကလေး

ဤပြကွက်မှာ အလွန်လွယ်ကူသလောက် ကြည့်ရှုသူ ပရိသတ်များအဖို့ အလွန်အံ့သြလောက်သည့် ပြကွက်ဖြစ်ပါသည်။ အမာရော်ဘာကွင်း (ဝါ) သားရေအမာကွင်း (ဝါ) သံကွင်း (ဝါ) ပလတ်စတစ် လက်ကောက်ကွင်းတစ်စုံ (နှစ်ခု) ကို ကြိုတင်ရှာထားရပါမည်။

**သတိ**။ ။ ဆင်တူတစ်ပုံစံတည်းဖြစ်ရမည်။

သဘောမှာ ဆင်တူလက်ကောက် ၂–ကွင်းအနက် တစ်ကွင်း ၏ကျောဘက်တွင် အောက်၌ခင်းထားသည့်အဝတ်နှင့် အရောင် တူပိတ်စကို ကော်နှင့်ခိုင်ခိုင်ခန့်ခန့်၊ သေသေသပ်သပ် ကပ်ရပါ မည်။ အောက်ခံအဝတ်ရောင်မှာ အမဲ–အညို–အနီ–အစိမ်း– အပြာ စသည်ကိုသာ ပြုလုပ်ပါ။ အဖြူကိုလည်းကောင်း စက္ကူကို လည်းကောင်း မပြုလုပ်ရန် သတိပြုပါ။

တစ်ခုသတိထားရမည်မှာ လက်ကောက်ကွင်း၊ ဗလာကွင်း ကို အသာအယာမ၍ ပိုက်ဆံ ၅–ပြားစေ့ သို့မဟုတ် ၁ဝ–

mgyoe.com

mgyoe.com


ပြားစေ့စပေါ်တွင် စွပ်ချလိုက်ပါ။ ကော်ကပ်ထားသော လက်ကောက်ကွင်း မဟုတ်၍ မည်သို့မျှမထူးခြားပါ။ နောက်တစ်ကြိမ်တွင် လက်ကောက်ကွင်းဖြင့် ပိုက်ဆံစေ့ပေါ်တွင် စွပ်ချလိုက်သောအခါ အောက်ခံအရောင်တူပိတ်စ ခံထားသဖြင့် ပိုက်ဆံစေ့သည်ပျောက်ကွယ်နေပေလိမ့်မည်။

**မှတ်ချက်** ။ ။ ပိုက်ဆံပြားစေ့အပေါ် လက်ကောက်ကွင်းစွပ်တိုင်း လှည့်ကွက်အဖြစ် (ကာဗာ) ဖဲချပ်နှင့် အကာအကွယ်လုပ်ရပါမည်။

ဤနည်းကို ပိုမိုသဘောပေါက်စေရန် မျက်လှည့်ပြပွဲ၌ ဝင်ရောက် အကဲခတ်သင့်ပါသည်။

❖

mgyoe.com

mgyoe.com

## လေ့ကျင့်ခန်း(၃)

### ထူးဆန်းသော ဂုံညင်းစေ့


ဂုံညင်းစေ့ ၆ လုံး ထက်မနည်း ကြိုတင်ရှာထားရမည်။ ဂုံညင်းစေ့ တစ်လုံးကို ကျောက်ဖြင့်ပွတ်တိုက်၍ ဖင်ဖောက်လျက် အတွင်းမှ အစေ့အမျှင်များ ဖယ်ထုတ်ထားရမည်။ ပြီးနောက် ထိုဂုံညင်း ဖင်ပေါက်အတွင်းသို့ စရွေးကိုက်စေရန် အသေးစား ဂုံညင်းတစ်လုံးကို ရှာကြံထားရမည်။

**မှတ်ချက်** ။ ။ ဖြစ်နိုင်လျှင် ထိုပြကွက်ကို လက်ကိုင်ပဝါဖြင့် အုပ်၍ ဂုံညင်းမွေ့နှောက်သလို ပြသပါ။ အရောက်ရှိလျှင် အပျောက်ရှိမည်ကို ပြပြီးနောက် ပြန်လည်အောင် ခေါ်ယူ ပြသရန် မမေ့ပါနှင့်။


❖

mgyoe.com

mgyoe.com


ပုံ - ၃



ပုံ - ၅
အမှား



ပုံ - ၂



ပုံ - ၁

mgyoe.com

mgyoe.com

## လေ့ကျင့်ခန်း(၄)

**စီးကရက် သို့မဟုတ် အမိန့်နာခံသော တုတ်ချောင်းကလေး**


ဤပြကွက်မှာ အလွယ်ကူဆုံးဖြစ်၏။ ရေခဲပေါက်စီလုပ်သော (ဝါ) ရေခဲချောင်း တုတ်ချောင်းမှအစ တံမြက်စည်းတံ အတိုအပါအဝင် စီးကရက်အထိ ပြုလုပ်နိုင်သည်။

သဘောမှာ လက်ချုပ်အပ်တစ်ချောင်းကို မီးနှင့်အပူခံတတ် ပေး၍ ဖင်ပိုင်းကို ခပ်ကွေးကွေးလုပ်ထားပါ။ ပုံ (၁) ကို ကြည့်ပါ။ ပြီးနောက် ပုံ (၂) အတိုင်း တုတ်တံဖင်ပိုင်းတွင် ထိုးထည့်ပါ။ ပြီးနောက် ပုံ (၂) အတိုင်း လက်ဝါးအရေပြားနှင့် ချိတ်ပါ။ ပုံ (၃) အတိုင်း ထူးဆန်းစွာ တွေ့မြင်ရလိမ့်မည်။ **သတိ** ။ ။ ပုံ ၅ ကဲ့သို့ မဖြစ်စေရ။

❖

mgyoe.com

mgyoe.com



ပုံ – ၁ ပုံ – ၂ ပုံ – ၃ ပုံ – ၄

## လှေကျင့်ခန်း(၅)

**လိုတရပန်းကန်**

ဆင်တူပန်းကန် သို့မဟုတ် ဇလုံ ၂–ခု ရှာထားရမည်။ ပုံ (၁) အတိုင်း နှစ်လုံးစလုံးကို မှောက်ထားရမည်။

ပုံ (၂) အတိုင်း (က) ပန်းကန်လုံးအတွင်း၌ ကြက်ဥ သို့မဟုတ် ဘဲဥတို့ကို ပန်းကန်လုံးနှင့်ဝင်ဆန့်သလောက် ကော်နှင့်ဖြစ်စေ၊ ချိပ်ဖယောင်းနှင့်ဖြစ်စေ၊ ကြိုတင်၍ ကပ်ထားရပါမည်။ (ကြက်ဥဖြစ်လျှင် ပိုကောင်းပါသည်)။

ပထမပြကွက်မှာ ပုံ (၃) အတိုင်း (က) ပုဂံကို အပေါ်မှ ထား၍ (ခ) ပုဂံကို အောက်မှထားခါ (ဂ) ပုဂံကို လှစ်ပြလိုက်သည့်အခါတွင် ကြက်ဥတို့သည် မြင်ကွင်းထဲ၌ ပေါ်လာမည် မဟုတ်။

mgyoe.com

mgyoe.com


ဒုတိယပြကွက်မှာ (ခ) ပန်းကန်ကို အပေါ်မှထား၍ (က) ပန်းကန်ကို အောက်မှ ထားရှိပြီးနောက် (ဥပါယ်တမည်ဖြင့် ပရိသတ် မရိပ်မိစေသောနည်းဖြင့် အပေါ်အောက် ပြောင်းပြန် လုပ်ပစ်သလို လုပ်ရပါမည်။ (ခ) ပန်းကန်ကို ဖယ်ရှားလိုက်သောအခါ ပုံ (၄) အတိုင်း ကြက်ဥအပြည့်ဖြင့် တွေ့ရပါမည်။

**သတိပြုရန်** ။ ။ ကြက်ဥအားလုံးကို အရေဖောက်ထုတ်ထားရမည်။ ထို့အတူ ကြက်ဥအစစ် (အရေမထုတ်ရသေးသော) တစ်လုံးကို ဒုတိယပြကွက်တွင် ထည့်သွင်းသုံးရပါမည်။

**မှတ်ချက်** ။ ။ အရေးကြီးဆုံးမှာ အသိမ်းအဆည်းနှင့် အကိုင်အတွယ်ဖြစ်၍ ကြပ်ကြပ်မတ်မတ်၊ ပိပိရိရိ လုပ်ကိုင်ရပါမည်။ ဖြစ်နိုင်လျှင် ပန်းကန်လုံးကို ပုံ (၁) အတိုင်းထပ်၍ လက်ကိုင်ပဝါနှင့် ထုတ်သိမ်းထားပါက ပို၍ စိတ်ချရပါသည်။ ကြိုတင်လေ့ကျင့်ပြီးမှ ပြသရန် မမေ့ပါနှင့်။

❖

mgyoe.com


mgyoe.com





ပုံ − ၄



ပုံ − ၁



ပုံ − ၃



ပုံ − ၂

mgyoe.com

mgyoe.com

## လေ့ကျင့်ခန်း(၆)

### ခဲတံချောင်းကို ငွေစက္ကူဖြင့် ရိုက်ချိုးပြနည်း

ဤပြကွက်မှာ တဒင်္ဂအားဖြင့် ပရိသတ်အား အံ့သြစေမည့်နည်းပြကွက် ဖြစ်ပါသည်။ မာတောင့်နေသော စာရေးသည့်ခဲတံချောင်းကို ငွေစက္ကူဖြင့်ရိုက်၍ ချိုးပြမည်ဆိုသည်မှာ အံ့အားသင့်ဖွယ်ရာ၊ မယုံကြည်နိုင်စရာအဖြစ် သင့်အပေါ် စိတ်ဝင်စားပေလိမ့်မည်။

**လျှို့ဝှက်နည်းမှာကား–** ခဲတံချောင်းကို တစ်ပါးသူအား ပုံ (၁) အတိုင်း မြဲမြဲကိုင်ထားအောင်ပြောပါ။ ပြီးနောက် သင်သည် ပုံ (၂)အတိုင်း ပရိသတ်မသိအောင် လက်ညှိုးကို ငွေစက္ကူရွက်ကိုင်ဟန်ပြု၍ ရှေ့သို့ ထုတ်ထားပါ။ (ပုံကိုကြည့်ပါ)။


ဤသို့ ကိုင်တွယ်ပြီးစီးသည်နှင့် ပုံ (၃) အတိုင်း ရိုက်ချိုးလိုက်ပါ။ မြင်ကွင်းအားဖြင့် စက္ကူရွက်နှင့် ရိုက်ချိုးဟန် ရှိသော်လည်း စင်စစ်တွင် သင်၏ အကူလက်ညှိုးကြောင့် ပုံ (၄)အတိုင်း တစ်ဖက်လူ ကိုင်တွယ်ထားသော ခဲတံချောင်းသည် ထက်ပိုင်းကျိုးနေသည်ကို အံ့အားသင့်စွာ တွေ့ရှိရမည်ဖြစ်သတည်း။

**မှတ်ချက်** ။ ။ မည်သည့်ပြကွက်ကိုမဆို ပုံစံများကို ကြည့်၍ သဘောပေါက်သည်အထိ လေ့လာပြီးမှ လေ့ကျင့်ပါ။


❖

mgyoe.com

mgyoe.com

ပုံ – ၂



ပုံ – ၁

mgyoe.com

mgyoe.com

## လေ့ကျင့်ခန်း(၇)

### စားပွဲခုံ မ,ပြခြင်း

ထိုပြကွက်မှာလည်း သာမန် လူပြိန်းတစ်ယောက်သည် လတ်တလော အံ့အားသင့်စေမည့်နည်း ပြကွက်သာဖြစ်ပေသည်။

စားပွဲခုံ (ခြေရှည်) ခပ်ပေါ့ပေါ့တစ်လုံးကို သင်၏တပည့် သို့မဟုတ် ဒလံ (ဝါ) ကိုယ့်လူ၏ အကူအညီဖြင့် ပြသရပါမည်။

ကြိုတင်လုပ်ဆောင်ရမည်မှာ သင်၏အင်္ကျီလက်မောင်းအတွင်း၌ ပုံ (၁) ကဲ့သို့ ပေတံချောင်း သို့မဟုတ် သစ်သားအပိုင်းစကို ကြိုးဖြင့်မြဲမြဲအောင် ချည်နှောင်ရပါမည်။ (ပုံကိုကြည့်ပါ။ ပြီးနောက် စားပွဲ၏ ဝဲ–ယာ နှစ်ဖက်တွင် ပုံ (၂) အတိုင်းထိုင်ခါ စားပွဲကို မပြရပါမည်။

ပရိသတ်၏မြင်ကွင်းထဲ၌ စားပွဲသည် သင်၏လက်ဝါးနှင့် ကပ်၍ပါလာသည်ကို တွေ့မြင်ရမည်ဖြစ်၍ မအံ့ဩဘဲမနေနိုင်ချေ။

mgyoe.com

mgyoe.com



**သတိပြုရန်မှာ** ။ ။ ပါတီပွဲ (ဝါ) မိတ်ဆုံစားပွဲ၌သာ ဤနည်းကို ပြသပါ။


**မှတ်ချက်** ။ ။ စားပွဲတစ်လုံးတည်း မိမိဘာသာလည်း ဉာဏ်ရှိသလို ချဲ့ထွင်၍ ပြသနိုင်ပါသည်။

❖


mgyoe.com

mgyoe.com






ပုံ − ၇



ပုံ − ၉



ပုံ − ၁၀



ပုံ − ၈

mgyoe.com

mgyoe.com

## လေ့ကျင့်ခန်း (၈)

### ထူးဆန်းသော စိတ်ပညာပြကွက် (က) အမျိုးအစား

ငင်းနည်းပြကွက်ကို ပြသရန်အတွက် ဦးထုပ်တစ်လုံးနှင့် ဖဲထုပ်တစ်ထုပ် လိုအပ်ပါမည်။

ဤနည်းသည် ပြသရာ၌ လွယ်ကူသလောက် ကြည့်ရှုသူအဖို့ အလွန်အမင်း ရုတ်တရက် အံ့အားသင့်စေမည့် နည်းပြကွက်ဖြစ်ပါသည်။ ပုံ (၇) အတိုင်း ဖဲထုပ်များကို ဖြန့်ကြဲလျက် ဦးထုပ်အတွင်း ထည့်ထားပြီးနောက် သင်၏မျက်စိကို ပရိသတ်တစ်ဦးဦးအား အဝတ်ဖြင့် စည်းနှောင်ခိုင်းပါ။ ပြီးနောက် သင်က ပုံ (၈)အတိုင်း ဦးထုပ်အတွင်းမှ အလွယ်တကူ ဆွဲ၊ တွေ့ရာ ဖဲတစ်ချပ်ကို ပရိသတ်အားပြသလိုက်ပြီးနောက် ငင်းဖဲချပ်ကို မှတ်သားထားကြပါရန် ပြောရပါမည်။ ငင်းနောက် သင့်ဖဲချပ်ကို ပရိသတ်အား ပြသရင်း ပုံ (၉) အတိုင်း ဖဲချပ်ကို ခပ်ကွေးကွေး လုပ်ပစ်လိုက်ပါ။ ပြီးနောက် ငင်းဖဲချပ်ကို ဦးထုပ်အတွင်းသို့ ပြန်၍ ထည့်လိုက်ပါ။ (ဖဲကို သိပ်မကွေးစေရ)။

mgyoe.com

mgyoe.com


၎င်းနောက် သင်သည် မျက်စိကိုစည်းထားသော အဝတ်ကို ဖြုတ်ချလိုက်ရပါမည်။ မျက်စေ့၌ စည်းထားသောအဝတ်ကို ဖြေလိုက်ပြီးနောက် ဦးထုပ်အတွင်း၌ ရောနှောထားသည့် ဖဲချပ်များအတွင်းမှ မိမိကွေးထားသော ဖဲချပ်ကို ဆွဲထုတ်ပြလိုက်ပါ။ သင့်အား ပရိသတ်များက များစွာအံ့ဩကြပါလိမ့်မည်။ ပုံ (၁၀) ကိုကြည့်ပါက ကွေးထားသော ဖဲချပ်မှာ တခြားဖဲချပ်များနှင့် မတူဘဲရှိသည်ကို သင်တွေ့ရမည်ဖြစ်သည်။


**သတိ** ။ ။ ဤနည်းကို ဟာသဖြင့်ပြသပါက ပို၍ကောင်းပါသည်။

**မှတ်ချက်** ။ ။ ဤနည်းမှာ ပြသသည့်အခါ အချိန်သိပ်မကြာလှ၍ ဟာသဉာဏ်ကို အသုံးပြုခါ စကားအရာများဖြင့် လှည့်ပတ်ပြောဆိုခြင်းဖြင့် ပရိယာယ်ဆင်ခါ အဖိုးတန်နည်းကောင်း တစ်ခုအဖြစ် ပြသတတ်အောင် ကြိုးစားဖို့ လိုအပ်ပေသည်။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## လေ့ကျင့်ခန်း(၉)

### အင်္ကျီချိတ်ဖြင့် မျက်လှည့်ပြနည်း

သာမန်အိမ်တွင်း အသုံးအဆောင်တစ်ခုဖြစ်သော အင်္ကျီချိတ်တစ်ခု၏ အောက်တန်းပေါ်၌ ဒင်္ဂါးစေ့ သို့မဟုတ် ငါးမူးစေ့ တစ်စေ့ကို အလယ်ဗဟိုကျကျတင်ခါ မိမိ၏လက်ညှိုး သို့မဟုတ် လက်ခလယ်ပေါ်တွင် ချိတ်ဆွဲ၍ တအားရစ်ပတ်လှည့်သည်အခါ ပန်ကာကဲ့သို့ အင်္ကျီချိတ်မှာ လည်နေသော်လည်း အင်္ကျီချိတ်အောက်တန်း၌ တင်ထားသောဒင်္ဂါးစေ့မှာ ထွက်မကျစေဘဲရှိသည်ကို အံ့အားသင့်စွာ တွေ့ရှိရပေလိမ့်မည်။

ပုံ (၁) ကဲ့သို့ အင်္ကျီချိတ်အောက်တန်း အလယ်ဗဟို၌ ဒင်္ဂါးစေ့ကို တင်ထားစေရမည်။

ပုံ (၂) ကဲ့သို့ အင်္ကျီချိတ်ကို တအားရစ်ပတ် လှည့်ရမည် (လှည့်လျှင် ချိတ်ကွေးဘက်သို့ ရစ်ပတ်လှည့်ရပါမည်)။

mgyoe.com

mgyoe.com



ပုံ (၃) အတိုင်း ပန်ကာကဲ့သို့ လယ်နေသော်လည်း အင်္ကျီ ချိတ်တန်းပေါ်မှ ဒင်္ဂါးစေ့သည် အောက်သို့မကျစေဘဲ တွေ့ရှိမည် ဖြစ်သည်။


**မှတ်ချက်** ။ ။ ဒင်္ဂါးစေ့၊ ငါးမူးစေ့မှအစ အဝိုင်းပြား(ပိုက်ဆံ) မှန်လျှင်ရမည်ဖြစ်သော်လည်း ယခုခေတ်(၁၀)ပြား၊ (၅)ပြား နှင့် တစ်ပြားစေ့များကို လုံးဝအသုံးမပြုသင့်။

❖

mgyoe.com

mgyoe.com







ပုံ - ၁



ပုံ - ၃



ပုံ - ၂



ပုံ - ၄

mgyoe.com

mgyoe.com

## လှေ့ကျင့်ခန်း(၁၀)

### မီးချစ်ဘူးဖြင့် မျက်လှည့်ပြနည်း

ဤပြကွက်မှာ မိတ်ဆုံစားပွဲမှအစ မိသားစုပွဲများတွင် ပြသရန် အသင့်လျော်ဆုံး နည်းပညာဖြစ်ပါသည်။

ဦးစွာပထမ မီးချစ်အခွန်သုံးလုံးရှာရပါမည်။ ပြီးလျှင် ပုံ(၁) အတိုင်း မီးချစ်သုံးလုံးကို အနည်းငယ်စီ ခပ်ခြားခြားထားခါ မီးချစ်ဘူးများအထဲတွင် ဘာမျှမရှိကြောင်းကို ပရိသတ်အား ရှင်းလင်းပြသရမည်။

၎င်းနောက် ပိုက်ဆံစေ့တစ်စေ့ကို ပရိသတ်ထဲမှ တစ်ဦးတစ်ယောက်၏အကူအညီဖြင့် မီးချစ်ဘူးအတွင်းသို့ ထည့်ခိုင်းလိုက်ပါ။ ပုံ (၂) အတိုင်း ပိုက်ဆံစေ့ထည့်ထားသော မီးချစ်ဘူးကို ပရိသတ်ရှေ့၌ပင် ဟိုဟိုဒီဒီ ဥပါယ်တံမျဉ်ဖြင့် မျက်စိရှုပ်ထွေးသွားအောင် ပြောင်းရွှေ့လိုက်ပါ (သဘောမှာပိုက်ဆံထည့်ထားသော မီးချစ်ဘူးကို ပရိသတ်က မမှတ်စေလိုသည့်သဘောဖြစ်သည်) ၎င်းနောက် သင်က မီးချစ်ဘူးတစ်ခုကို ကောက်ယူ၍ လှုပ်ပြလိုက်ပါက မီးချစ်ဘူးအတွင်းမှ ပိုက်ဆံက ခလောက်ဆန်၍ အသံထွက်လာပါမည်။ (သင်ကိုယ်တိုင်က ပိုက်ဆံရှိသော မီးချစ်ဘူးကို သတိထားရမည်)

mgyoe.com

mgyoe.com


ပိုက်ဆံမရှိသော မီးချစ်ဘူးကို သင်လှုပ်ပြရမည်။ ပိုက်ဆံသံထွက်ပေါ်လာစေရန် ပုံ (၄) အတိုင်း ကြိုတင်ပြုလုပ်ထားရပါမည်။ ပုံ (၃) အတိုင်း မီးချစ်ဘူးကို လှုပ်ယမ်းပြပါ။ ဤနည်းပြကွက်မှာ ပရိသတ်၏မျက်စေ့ကို ရုတ်တရက် လှည့်စားစေမည့် အာရုံပြောင်းလွှဲနည်းဖြစ်၍ သင်သည် ဉာဏ်နှင့်ဟာသကို အမိပြုခါ ပြောင်းလွှဲ၍ ပုံစံအမျိုးမျိုးဖြင့် ပြသပါ။

**မှတ်ချက်** ။ ။ ပိုမိုသဘောပေါက်စေရန် ထပ်မံရှင်းပြပါမည်။

* မီးချစ်ဘူးထဲသို့ ထည့်လိုက်သောပိုက်ဆံကို အခြားဘူးလွတ်ထဲသို့ ရုတ်တရက် ပြောင်းပြနိုင်သည့် အသွင်သဏ္ဍာန်ရှိရမည်။
* ပရိသတ်၏ နားနှင့်မျက်စေ့ကို လှည့်စားပစ်နိုင်စွမ်းမှာ ပုံ (၄) အတိုင်း ကြိုတင်ပြုလုပ်ထားမှုနှင့် သင်၏ဉာဏ်စွမ်းပေါ်တွင် မူတည်ပါသည်။
* မီးချစ်ဘူးကို လှုပ်ယမ်းပြသည့်အခါ ပုံ (၃)၊ မီးချစ်ဘူး ပုံ (၄) ကဲ့သို့ ပြုလုပ်ထားသော လက်မှလှုပ်ယမ်းပါရန် သတိမမေ့ပါနှင့်။
* မီးချစ်ဘူးကို နေရာပြောင်းရွှေ့သည့်အခါ မျက်စိလည်ရန်သာ ပြောင်းရွှေ့ခြင်းဖြစ်၍ မျက်စိရှုပ်ထွေးသွားအောင် မပြုလုပ်ရ။
* ပုံ (၄) ကဲ့သို့ ကြိုတင်ပြုလုပ်သည့်အခါ အပေါ်အင်္ကျီရှိရမည်။ ဥပမာ – တိုက်ပုံအင်္ကျီ၊ ကုတ်အင်္ကျီစသည့်တို့ ဖြစ်သည်။

mgyoe.com

mgyoe.com



* ပုံ (၄) ကဲ့သို့ မီးချစ်ဘူးကို ချည်နှောင်သည့်အခါ အတင်း အကျပ် မချည်နှောင်ရ (သဘောမှာ မီးချစ်တွင်း၌ ကြိုတင် ထည့်ထားသော ပိုက်ဆံသံ မကြားဘဲရှိမည် စိုးသော ကြောင့်ဖြစ်၏)။
* ပုံ (၄) ကဲ့သို့ ပြုလုပ်သည့်အခါ မီးချစ်ဘူးထဲတွင် မတ်စေ့၊ ၁၀ပြားစေ့ ထည့်ထားလျှင် ပိုကောင်းပါသည်။
* အထူး သတိပြုရန်မှာ ပုံ (၄) ကဲ့သို့ ပြုလုပ်သည့်အခါ မီးချစ်အံမထွက်စေရန် သတိထားရမည်။
* ဤနည်းကို တစ်နေရာတွင် နှစ်ကြိမ်ထက် ပိုမို၍ မပြသင့်။

❖

mgyoe.com

mgyoe.com






mgyoe.com

mgyoe.com

## လေ့ကျင့်ခန်း(၁၁)

**စီးကရက် လေထဲမှခေါ်ယူပြခြင်း**

ဤပြကွက်မှာ ယနေ့တိုင် မြေပိုင်းမျက်လှည့်ဆရာများ အသားယူ၍ ပြသလေ့ရှိသော ခေတ်မီနည်းပြကွက်ဖြစ်ပါသည်။

ဘာမှမရှိသော စီးကရက်ဘူးခွံ (သံဘူး)ဖြင့် အဆက်အသွယ် မရှိဘဲ လေထဲမှ စီးကရက်များ ဘူးနှင့်အပြည့် ခေါ်ယူပြသခန်း ဖြစ်သည့်အလျောက် ဤပြကွက်ကို နေရာမရွေးပြသရန် သင့်သည်ဟု ဆိုရပေမည်။ ကြိုတင်လုပ်ဆောင်ရမည်မှာ –

(က) ပုံ (၁) အတိုင်း စီးကရက်သံဖူးခွံထဲတွင် စက္ကူရှာ တစ်ခုရှိထားရမည်။ ပုံ (၁)ကို ကြည့်ပါ။ (ညွှန်ကြား ချက်–က)

(ခ) ပုံ (၂)အတိုင်း စီးကရက်ဘူးအဖုံး၏ ဖောက်နှင့်ရွယ် တူတဆိုက်ထဲ အတိုကလေးများဖြစ်အောင် စီးကရက် များကို ကပ်ကြေးဖြင့်ညှပ်ပြီးလျှင် အောက်ခံစီးကရက် ဘူးများတွင် ပါရှိတတ်သော စက္ကူပိုင်းပေါ်၌ ကော်နှင့်

mgyoe.com

mgyoe.com



တလိပ်ချင်း ပုံ (၃) အတိုင်း ကပ်ထားပါ။ (တမာစေးကော် ဆိုပါက ပို၍ စိတ်ချရပါသည်)။

(ဂ) စီးကရက်ဘူးအဖုံးကို ပုံ (၃) ကဲ့သို့ လက်ဖြင့်အောက်မှ လျှို့ဝှက်စီးကရက်တိုများ ရှိနေသည့်ကတ်ပြား ထွက်မကျအောင် မိမိ၏လက်ဖြင့် ပိတ်၍ ကိုင်တတ်ရပါမည်။

ပုံ(၃)မှ စီးကရက်ဘူးဖုံးကို ပုံ (၁) မှ စီးကရက်ဘူးခွံအပေါ်သို့ ဖုံးချလိုက်ပြီးနောက် ပြန်ဖွင့်ပြလိုက်လျှင် ပုံ (၄) ကဲ့သို့ စီးကရက်အပြည့် ရောက်နေသည်ကို တွေ့ရှိရပေမည်။

**သတိပြုရန်မှာ** ။ ။ အသိမ်းအဆည်းနှင့် ကိုင်တွယ်မှုဖြစ်သည့် အလျှောက် ပရိသတ်အား ပေးမကိုင်ပါစေနှင့်။

**မှတ်ချက်**


- စီးကရက်ဘူးခွံပေါ်တွင် စီးကရက်တံဆိပ် အမှတ်အသားများ သပ်ရပ်မှုရှိရမည်။
- ပြုလုပ်ပြီး စီးကရက်တိုများ ပုံ (၃) ကို ညစ်ပတ်ပေရေနေအောင် မပြုလုပ်ရ။
- ပြသပြီးသည်နှင့် အဖုံးကိုပြန်ပိတ်ခါ လုံလုံခြုံခြုံ သိမ်းဆည်းထားရမည်။

(ဖြစ်နိုင်လျှင် မျက်လှည့်ပွဲများတွင် ထိုပြကွက်ကို ဝင်ရောက်ကြည့်ရှု၊ လေ့လာသင့်ပါသည်)။

❖

mgyoe.com

mgyoe.com




## လေ့ကျင့်ခန်း(၁၂)

### ငွေစက္ကူ မီးရှို့ပြခြင်း

ကြိုတင်ပြုလုပ်ထားရမည်မှာ စာအိတ်နှစ်ခုကို ပုံ (၁)ကဲ့သို့ လေးဖက်ဖွင့်၍ ကျောချင်းကော်နှင့် ကပ်ထားပါ (ကပ်မှန်း မသိစေရ)။

### ပြသပုံ ဥပမာ

ပရိသတ်ထံမှ ငွေစက္ကူတစ်ချပ်ကိုတောင်းယူ၍ ငွေစက္ကူ ပိုင်ရှင်အား လက်မှတ်ထိုးခိုင်းပါ။ (အမှတ်အသားပြုသည့် သဘော)။

၎င်းနောက် ထိုငွေစက္ကူချပ်ကို ပုံ (၂) မှ စာအိတ်အပိုတွင်း သို့ သွတ်သွင်းပြီးလျှင် ပုံ (၁) မှ စာအိတ်တွင်းသို့ ထည့်ခါ စာအိတ်ကို ပိတ်လိုက်ပါ။ (ကော်နှင့်မကပ်ရ)

mgyoe.com

mgyoe.com


ငင်းနောက် ကျောဘက်တွင် ပိတ်လျက်ရှိနေသော စာအိတ်ကို ဖြစ်သည့်နည်းဖြင့် ပရိသတ်မသိအောင် အပေါ်အောက်လှန်ပစ်လိုက်ပါ။ ထိုအခါ ငွေစက္ကူချပ်ရှိသော စာအိတ်သည် အောက်ဘက်ရောက်သွားပါလိမ့်မည်။

**မှတ်ချက်** ။ ။ (အပေါ်စာအိတ်တွင်း၌ ငွေစက္ကူအစစ် ထည့်ထားသောစာအိတ်နှင့် တစ်ပုံစံတည်းရှိနေသော စာအိတ်တစ်ခုတည်း ၌ ငွေစက္ကူနှင့်အရွယ်တူ ငွေစက္ကူအတု ရှိနေရမည်)။

ထို့နောက် စာအိတ်ကိုယူခါ မီးရှို့ပစ်လိုက်ပါ။ မီးရှို့သည့်အခါ ပုံ (၂) စာအိတ်သာဖြစ်၍ ပုံ (၁) စာအိတ်မဖြစ်စေရ၊ ငင်းနောက် ငွေစက္ကူရှိနေသော ပုံ (၁) စာအိတ်ကို စားပွဲပေါ်တွင်တင်ခါ စကားကို ခပ်ရှည်ရှည်ပြောနှင့်ပါ။ ထိုအချိန်၌ တပည့်ဖြစ်သူက စားပွဲသိမ်းသလိုနှင့် စားပွဲပေါ်ရှိ စာအိတ်အတွင်းမှ ငွေစက္ကူအစစ်ရှိသော စာအိတ်ကိုယူ၍ ပိတ်ကားနောက်ကွယ်တွင် ငွေစက္ကူချပ်ကို ထုတ်ယူကာ ခပ်သေးသေး အချိုးကျခေါက်လျက် စားပွဲပေါ်တွင် ပရိသတ် မမြင်သည့်နည်းဖြင့် ပြန်တင်ထားလိုက်ပါ။

ဆရာဖြစ်သူက ဥပါယ်တံမျဉ်ဖြင့် လည်သလို ပရိသတ်၏လစ်ကွက်ကိုကြည့်ခါ တပည့်ဖြစ်သူက ခေါက်ပေးသော ငွေစက္ကူအစစ်ကို မိမိလက်တွင်းသို့ ရောက်ရှိအောင် ပြုလုပ်ထားရပါမည်။

ငင်းနောက် ငွေစက္ကူချပ်ကို လက်လှည့်နည်းဖြင့် (လေ့ကျင့်ခန်း ၁–ကိုကြည့်ပါ) ပြန်ထုတ်ပြလိုက်ပါက ပြသသူဆရာအားပရိသတ်တို့က သြဘာပေး ချီးမွမ်းကြမည်မှာ သေချာနေပေသည်။

mgyoe.com

mgyoe.com


**သတိပြုရန်မှာ**


ဤပြကွက်မှာ အကြိမ်ကြိမ် လေ့ကျင့်ပြီးမှ ပြသရန်နှင့် ငွေစက္ကူ အစစ်နှင့်အတု မှားယွင်းမှုမရှိစေရန် အပါအဝင် တပည့်ဖြစ်သူ၏ လျှင်မြန်ဖျတ်လတ်မှု၊ အကင်းပါးမှုတို့ကို ဂရုစိုက်ရပါမည်။

ဤလေ့ကျင့်ခန်းကို အကြိမ်ကြိမ်ပြန်ဖတ်၍ လေ့ကျင့်ပါ။

❖

mgyoe.com

mgyoe.com




လေ့ကျင့်ခန်း(၁၃)

## ငွေဒင်္ဂါးများဖြင့် မျက်လှည့်ပြနည်း

ဤပြကွက်ကို 'အမိန့်နာခံသော ငွေဒင်္ဂါးများ' ဟူ၍ အမည်ပေးရမည်။ ပရိသတ်ထံမှ ငွေဒင်္ဂါးစ သို့မဟုတ် ရရှိရာအကြွေစများကို တောင်းယူ၍ မိမိတွင်အသင့်ရှိသော ငွေဒင်္ဂါးစဖြင့် မည်သည့်နေရာမဆို ကပ်နေသည့်အသွင်ကို ပေါ်လွင်အောင် ပြသရမည့်နည်း ပြကွက်ဖြစ်သည်။

**ကြိုတင်လုပ်ဆောင်ရမည်မှာ –**

ပုံ (၁) အတိုင်း မိမိတွင်ရှိသော ဒင်္ဂါးစ သို့မဟုတ် ငါးမူးစေ့ (နှစ်ထပ်စေ့ဆိုလျှင် ပို၍ကောင်းပါသည်) ကို ပန်းထိမ်ဖိုတွင်

mgyoe.com

mgyoe.com


အပ်နှင့် ဂဟေဆက်ထားရပါမည်။ ဂဟေဆက်သည့်အခါ ဖင်နှင့် ဒင်္ဂါးစ ဆက်၍ အပ်ဖျားကို အပြင်ဒ္ဓထားရမည်။ ပုံ(၁)ကို ကြည့်ပါ။

အင်္ကျီအိတ်တွင် ကပ်ပြမည်ဆိုပါက သစ်သားစဖြစ်စေ၊ စက္ကူကပ်ထူပြားဖြစ်စေ၊ အိတ်တွင်းဒ္ဓကြိုတင် ထည့်ထားရပါမည်။ ပုံ (၂) ကို ကြည့်ပါ။


ပရိသတ်ထံမှ တောင်းယူသော ပိုက်ဆံပြားများကို အပေါ်မှထား၍ မိမိပြုလုပ်ထားသော ပုံ (၁) ဒင်္ဂါးပြားကို အောက်မှထားကာ ပုံ (၃)၊ ပုံ (၄)၊ ပုံ (၅) အတိုင်း ကြိုက်သလိုပြသပါ၊ ဒင်္ဂါးစေ့အလေးချိန်ကို သတိပြုရမည်။

**မှတ်ချက်** ။ ။ ပြုလုပ်ထားပြီး ပုံ (၁) ဒင်္ဂါးကို ပရိသတ်မမြင်စေရန် သတိထား၍ ကိုင်တွယ်၊ ပြသ၊ သိမ်းဆည်းရမည်။


❖

mgyoe.com

mgyoe.com



ပုံ – ၂



ပုံ – ၁



ပုံ – ၃

## လှေ့ကျင့်ခန်း(၁၄)

### လေထဲမှ ကြက်ဥများ ခေါ်ယူပြခြင်း

ဤပြကွက်မှာ အပျော်တမ်း မျက်လှည့်ဝါသနာရှင်များအတွက် ပြသရန် အသင့်လျော်ဆုံးသော နည်းပြကွက်ဖြစ်သည်။

သာမန်ပရိသတ် မျက်စိဖြင့်ကြည့်လျှင် လက်ကိုင်ပဝါတစ်ထည်အတွင်းမှ မည်သို့မျှ အဆက်အသွယ်မရှိဘဲ ကြက်ဥပေါင်းမြောက်များစွာကို လေထဲမှ ခေါ်ယူပြသည့်နည်းပြကွက်ဖြစ်ပေလိမ့်မည်။

### ကြိုတင်လုပ်ဆောင်ချက်–

လက်ကိုင်ပဝါ တစ်ထည်၏အနားစပ် အလယ်ဗဟို ကျကျ

mgyoe.com

mgyoe.com



တွင် အပ်နှင့်အပေါက်ငယ် တစ်ခုဖေါက်ကာ ကြိုးနက် တပ်ရမည်။ (လက်ကိုင်ပဝါ၏ သုံးပုံနှစ်ပုံခန့် ကြိုးအရှည်ရှိရမည်) ၎င်းကြိုးနက်ထိပ်ဖျားတွင် အရေဖောက်ထုတ်ထားပြီးသော ကြက်ဥ အခွံတစ်လုံးကို တတ်ရမည်။ ( ပုံ ၁ ကိုကြည့်ပါ )

ကြက်ဥကို ကြိုးတပ်ပုံမှာ ကြက်ဥ၏အပေါက်အောက်နှစ်ဖက်စလုံး၌ အပ်နှင့်ဖေါက်ကာ ကြက်ဥအနှစ်အကာများကို လူ၏ပါးစပ်နှင့် စုပ်ယူပစ်ရမည်။ ပြီးနောက် ကြက်ဥအနှစ်များကုန်စင်သည်အထိ ရေနှင့်ဆေးပါ။ (ရေကို အတွင်းရောက်အောင်ပြုလုပ်ရမည်) ပြီးနောက် ကြက်ဥ၏ထိပ်အပေါက်တွင် ကြိုးအနက်တပ်၍ရမည့်နည်းမှာ နှီးစ (ဆံချည်မျှင်ခန့်) ကို ကြက်ဥ၏အပေါက်၌ ဝင်သာရုံ ပြုလုပ်ပြီး ကြိုးနှင့်တပ်ချည်လိုက်ပါက ကြိုးအနောက်ဘက်တွင် ချည်ထားသောနှီးစက ကြက်ဥအပေါက်တွင် ကန့်လန့်ခံထားနေသဖြင့် ပြုတ်မကျနိုင်ပါ။

**မှတ်ချက်** ။ ။ ပုံ (၁) ၏ အတိုင်းအတာနှင့် ပုံစံအနေအထားကို ကြည့်၍ ပြုလုပ်ပါက ပို၍ အောင်မြင်နိုင်ပါမည်။

ဒုတိယအစီအစဉ်အရ ဦးထုပ်အခွံတစ်လုံးကိုရှာခါ စားပွဲပေါ်တွင် ဦးထုပ်ကို ပက်လက်လှန်တင်ပါ။ ကြိုးတပ်ထားသော လက်ကိုင်ပဝါအနားစကို ပုံ (၂) ကဲ့သို့ ချထားပါ။ လက်ကိုင်ပဝါကိုလှည့်ပတ်၍ ပြသသောအခါ ကြက်ဥမှာ ဦးထုပ်အတွင်း၌ရှိနေ၍ ပုံ (၂) ပရိသတ်က မည်သို့မျှ မရိပ်မိနိုင်ပါ။

၎င်းနောက် ကြိုးတပ်ထားသော လက်ကိုင်ပဝါ အနားစကို သိမ်းယူလိုက်ပါ (ပုံ ၁ ကဲ့သို့ ကြက်ဥမှာ မိမိဘက်၌ရှိရပါမည်)

mgyoe.com

mgyoe.com


ပြီးနောက် လက်ကိုင်ပဝါကို ခေါက်ချိုးပြုလုပ်လိုက်သော အခါ ပုံ (၃)ကဲ့သို့ ကြက်ဥမှာ လက်ကိုင်ပဝါအတွင်း၌ ရှိနေ၍ ပရိသတ်က လုံးဝ ရိပ်မိမည် မဟုတ်ပါ။ ၎င်းနောက် ပုံ (၃) အနေအထားမှ ကြက်ဥကို သွန်ချလိုက်သောအခါ ကြက်ဥ ထွက်ကျလာပါလိမ့်မည်။ ၎င်းနည်းအတိုင်း အကြိမ်ကြိမ်အဖန်ဖန် ပြသပါက လက်ကိုင်ပဝါများစွာ ဦးထုပ်အတွင်း၌ ရှိလိမ့်မည်ဟု ပရိသတ်က မှတ်ထင်နေကြပေမည်။

**မှတ်ချက်** ။ ။ ကြိုးမှာ သိပ်မရှည်၍ လက်ကိုင်ပဝါကို 'မြင့် မြင့်မ'၍ မထားအပ်ချေ။

၎င်းနောက် လက်ကိုင်ပဝါကို သိမ်းဆည်းလိုက်ပြီးနောက် ကြက်ဥများကို ပရိသတ်ထံသို့ ပစ်ပေးဟန် ပြုလိုက်လျှင် ပရိ သတ်များမှာ ရုတ်ချည်း—ထိတ်လန့်သွားကြပါလိမ့်မည်။

**သတိ** ။ ။ ပုံ–၁ မှ ပုံ–၃အထိ ကျကျနနလေ့လာပြီးမှ လေ့ ကျင့်ရန် မမေ့ပါနှင့်။ ဤပြကွက်မှာလည်း အသိမ်းအဆည်း၊ အကိုင်အတွယ်နှင့် အယူအဆမှာ အရေးကြီးဆုံးအဖြစ် ပြသ သူက မှတ်ယူ လိုက်နာရပါမည်။

ဖြစ်နိုင်လျှင် ဟာသဉာဏ်ရွှင်ရွှင်ဖြင့် လှလှပပ၊ ပိပိရိရိဖြစ် အောင် လေ့ကျင့်ပါ။ ၆–ကြိမ်ထက်မနည်း၊ သေချာအောင် (ဖိုင် နယ်) လေ့ကျင့်ပြီးမှ ပွဲတိုးပြသပါ။

**မှတ်ချက်** ။ ။ ကြိုးနက် (သို့မဟုတ်) ဆံပင်မျှင်နှင့် ပြုလုပ်နိုင် သည်။

❖

mgyoe.com

mgyoe.com



## လေ့ကျင့်ခန်း(၁၅)

### သိပ္ပံအရုပ်ကလေး

ဤပြကွက်မှာ ကလေးသူငယ်များအတွက် ဉာဏ်စွမ်းမျက်လှည့်ဖြစ်ပါသည်။ အနောက်နိုင်ငံများတွင် ၎င်းနည်းကို အမျိုးသမီးများနှင့် ကလေးသူငယ်များ ပြသတတ်ပါသည်။

လုပ်ဆောင်ရမည်မှာ လွယ်လွယ်ပင်ဖြစ်ပါသည်။

(၁) ပုံ (၁) အတိုင်း အရုပ်တစ်ခု ရေးပါ၊ ပုံ (၁) ကဲ့သို့ အရုပ်၏ဝမ်းဗိုက် မကျတကျ တစ်နေရာတွင် ကပ်ကြေးဖြင့် ဖေါက်ထားပါ (လျှာသဘော ဖြစ်ရမည်)။

(၂) စက္ကူမာမာ (ကတ္တူ) ဖြစ်ရမည်။

(၃) အရုပ်ကို ရောင်စုံရေးချယ်ထားလျှင် ပို၍လှပပါမည်။

mgyoe.com

mgyoe.com


(၄) အရုပ်ကို ဖိုးဝရုပ်သဘောလောက်သာ ရေးဆွဲပါ၊ အလှအပကို ဦးစားပေးသော ပန်းချီမဖြစ်စေရန် သတိပြုပါ။

(၅) အရုပ်ကို ပုံ (၁) ကဲ့သို့ ထောင်ထား၍ ပုံ (၂)အတိုင်း လက်ဝါး သို့မဟုတ် စက္ကူကပ်ပြားတစ်ခုခံ၍ ပါးစပ်နှင့် လေကို မှုတ်သွင်းပါ။ အရုပ်သည် လေ၏တွန်းကန်အားဖြင့် ရှေ့သို့တိုးခါ လမ်းသွားသယောင် လှုပ်ရှားလာပါလိမ့်မည်။

**မှတ်ချက်** ။ ။ ဉာဏ်ရှိသ၍ ပြုလုပ်လေ့ကျင့်ပါ (စိတ်ပျက်မမြန်ပါနှင့်)

ဤနည်းမှာ ကလေးဉာဏ်စမ်းမျက်လှည့်ဖြစ်၍ အတည်အခန့် ပြသ၍ မဖြစ်နိုင်ပါ။

❖

mgyoe.com

mgyoe.com





ပုံ – ၂ (ခ)



ပုံ – ၃



ပုံ – ၁



ပုံ – ၂ (က)



ပုံ – ၄

mgyoe.com

mgyoe.com

## လေ့ကျင့်ခန်း(၁၆)

### ကြိုးမျက်လှည့်

ကြိုးသန့် (ဝါ) ဘန်ချည်ကြိုး (သို့မဟုတ်) ဂုံအိတ်ကြိုးမှ အစ ဖဲကြိုးအသေးစားအထိ ရရာကြိုးတစ်ခုရှာပါ။

ပြီးနောက် ကြိုးကို ကြိုးကွင်းသဘောဖြစ်အောင် နှစ်စပူး ချည်လိုက်ပါ။ အထက်ပါအတိုင်း ကြိုးကွင်းပြုလုပ်ပြီးသည်နှင့် ၎င်းကြိုးကွင်းကို ခေါင်းမှစွပ်ချလိုက်ပါ။

ကြိုးကွင်းကို မိမိကိုယ်၌ စွပ်ထားပြီးသည်နှင့် အောက်ပါ အတိုင်း အစဉ်အလိုက် ပြုလုပ်ရပါမည်။

(၁) ကြိုးစကို သွားနှင့်ကိုက်၍ တစ်ပတ်လိမ်လိုက်ပါ၊ ပုံ (၁) ကိုကြည့်။

(၂) ပြီးလျှင် ရှေ့၌ရှိနေသော တစ်ကွင်းကို ပုံ (၂) ကဲ့သို့ ခေါင်းပေါ်မှ စွပ်ချလိုက်ပါ။ ထိုအခါ ပုံ (၃) ၌ ပြသထား သကဲ့သို့ ကြိုးကွင်းက ရှိနေပါမည်။

(၃) ပြီးနောက် ကြိုးစကို ဆွဲဆန့်လိုက်လျှင် ပုံ(၄)ကဲ့သို့ ကြိုးကွင်းမှ လွတ်ထွက်သွားပါလိမ့်မည်။

mgyoe.com

mgyoe.com


**သတိပြုရန်မှာ**

ပုံစံ (၁) နှင့် ပုံ (၃) မှာအတူတူဖြစ်၍ သွား၌ ရှိနေရမည့် ကြိုးအနေအထားကို ပြသထားခြင်းဖြစ်သလို ပုံ ၂–ကနှင့် ပုံ ၂–ခ မှာလည်း ထိုနည်းနှင်နှင်ပင်ဖြစ်သည်။

**မှတ်ချက်။** ။ဤနည်းမှာ Magic - For all စာအုပ်တွင် အထူး ကဏ္ဍအနေဖြင့် ရေးသားထားသည်ကို တွေ့ရှိရသည်။ ထို ပြကွက်မျိုးမှာ စာရေးသူငယ်စဉ်က မြင်တွေ့ဖူးသော မြန်မာ့ နည်းနှင့် ခပ်ဆင်ဆင် ဖြစ်သော်လည်း ပြသဟန်မှာ ကွဲပြား နေပါသည်။

**ဖြစ်နိုင်လျှင်**


ပလပ်စတစ် ကြိုးလုံးကလေးများဖြင့် ပြသပါက ပို၍ လှပသေသပ်နိုင်ပါသည်။

အပျော်တမ်း မျက်လှည့်ပညာ ပြကွက်သက်သက်ဖြစ်၏။

❖

mgyoe.com


mgyoe.com

ပုံ – ၃




ပုံ – ၄



ပုံ – ၁





ပုံ – ၂

mgyoe.com

mgyoe.com

လေ့ကျင့်ခန်း(၁၇)

## ကြိုးဖြတ်မျက်လှည့်

ကြိုးဖြတ်မျက်လှည့်နည်းများမှာ သဘောအားဖြင့်တစ်ထပ်တည်းဖြစ်သော်ငြားလည်း ပြသဟန်နှင့်အယူအဆ၊ အနေအထားတို့မှာမူ တစ်ခုနှင့်တစ်ခု အနည်းငယ်စီ ခြားနားနေပါသည်၊ (၎င်းနည်းများအနက် သဘာဝနှင့်အနုပညာ အပြောင်မြောက်နိုင်ဆုံးနည်းကို ဖော်ထုတ်ရေးသားလိုက်ပါသည်။

ကျစ်ထားသော ကြိုးတစ်ချောင်း (သို့မဟုတ်) ဖဲပြားစတစ်ချောင်းကို (တစ်လံခန့်) ရှာ၍ ပရိသတ်ရှေ့မှောက်၌ အထည်တိုင်းသောကိုက်တံဖြင့် တိုင်းဆလိုက်ပါ။ ပုံ (၁) ကဲ့သို့ ဖြစ်ရမည်။

ကြိုးစကို ပုံ (၂) အတိုင်း ခေါက်ချိုးပြ၍ ကပ်ကြေးဖြင့်ဖြတ်လိုက်ပါက ပုံ (၃) အတိုင်း ကြိုးမှာ ပြတ်သွားပါလိမ့်မည်။

(ပြောရမည်မှာ ကြိုးသည် ထက်ပိုင်းပြတ်သွား၍ ပြန်ဆက်ပြမည့်အကြောင်းကို ပရိယာယ်ဆင်၍ ဟာသဉာဏ်ဖြင့် ရောနှောပြသပါ။

ပြနည်း၏လျှို့ဝှက်ချက်မှာ ကြိုးကို (ဂငယ်) သဘောတစ်ပတ်လိမ်ခါ (ထိုလျှို့ဝှက်ချက်ကို မမြင်စေရန် ပုံ (၄)

mgyoe.com